# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဈ-၉(ခ)၊ လိမ်လည်ထားသော စာရွက်စာတမ်း သို့မဟုတ် မမှန်ကန်သော သတင်းအချက်အလက်များအတွက် ဆိုင်းငံ့ရန် အကြောင်းကြားစာ

*ပုဒ်မ ၄၃၀ (ဃ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

ရုံးသုံးအတွက်သာ

**ကုမ္ပဏီအမည်**

**မှတ်ပုံတင်အမှတ်**

### ၁။ အထွေထွေဖော်ပြချက်

ပုဒ်မ ၄၃၀ (ဃ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> “ ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာတင်ပြရန် ပျက်ကွက်လျှင် သို့မဟုတ် မှတ်ပုံတင် အရာရှိထံ တင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မှတ်ပုံတင်အရာရှိမှ ထိုကိစ္စနှင့် သက်ဆိုင်သည့် အချက်အလက်များသည် ကုမ္ပဏီ၊ ယင်း၏ မြီရှင် သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ကြီးမားစွာ ထိခိုက်စေကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီသို့ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ကုမ္ပဏီက ပေးချေရမည့် အခကြေးငွေများကို ပေးသွင်းခြင်းနှင့် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်ပေးဆောင်ခြင်း အပါအဝင် အကြောင်းကြားစာပေးပို့၍ ထိုပျက်ကွက်မှုကို ၂၈ ရက်အတွင်း ကောင်းမွန်သည်အထိ ပြင်ဆင်နိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ဆိုင်းငံ့မှုကို ပြုလုပ်နိုင်သည်။ ”

### ၂။ ကုမ္ပဏီ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့ရန် အကြောင်းကြားစာ

ပုဒ်မ ၄၃၀ (ဃ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့်အညီ အောက်တွင်ဖော်ပြထားသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ အကျိုးအကြောင်း ခိုင်လုံစွာ လက်ခံနိုင်ပြီး တိကျမှန်ကန်သည့် သတင်းအချက်အလက်ပါဝင်သော စာရွက်စာတမ်းများကို ကုမ္ပဏီမှ ပေးသွင်းရမည့် အခကြေးငွေများနှင့် သတ်မှတ်ဖော်ပြထားသည့် ဒဏ်ကြေးပေးဆောင်ပြီး ပေးပို့ခြင်းမပြုလျှင် ဤအကြောင်းကြားစာ ပေးပို့သည့်ရက်မှ ၂၈ ရက် မြောက်သည့်နေ့တွင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားမှုကို အလိုအလျောက် ရပ်စဲမည်ဖြစ်ကြောင်း မှတ်ပုံတင်အရာရှိက အကြောင်းကြားပါသည်။

### ၃။ မှတ်ပုံတင်အရာရှိ၏ တွေ့ရှိချက် အကြောင်းအရာများ

မမှန်ကန်သော စာရွက်စာတမ်း သို့မဟုတ် ကြေညာချက် သို့မဟုတ် သတင်းအချက်အလက်နှင့် စပ်လျဉ်း၍ တွေ့ရှိချက်အကြောင်းအရာများ။